စာရွက်စာတမ်း (၂) <တစ်ဖက်စကားပြောအမျိုးအစား၏ နားထောင်မှုနားလည်နိုင်စွမ်းကို စစ်ဆေးသည့်အခါ>

# ဘာသာပြန်သူအတွက်

●စစ်ဆေးခြင်း ရည်ရွယ်ချက်

ဤစစ်တမ်း၏ ရည်ရွယ်ချက်မှာ ဂျပန်ဘာသာစကားကို မိခင်ဘာသာစကားမဟုတ်သော ဂျပန်စာပြောသူဖြစ်သည့် ပူးပေါင်းဆောင်ရွက်သူ၏ ဂျပန်စကားပြောနားထောင်ရင်းနှင့် ၎င်းနားလည်မှုသက်ရောက်ပုံကို မိခင်ဘာသာစကားဖြင့် ပြောဆို၍ မှတ်တမ်းတင်ရန်ဖြစ်ပါသည်။

ဤစစ်တမ်းသည် ျု နားထောင်ခြင်း စကားစု ပြုလုပ်ရန် အတွက် အစီအစဉ်ကို (ခေါင်းဆောင်　Noda Hisashi) မှ အစအဆုံး လုပ်ဆောင်ပါမည်။

●စစ်ဆေးခြင်း နည်းလမ်း

ဂျပန်ဘာသာစကားကို မိခင်ဘာသာစကားမဟုတ်သော ဂျပန်စာပြောသူဖြစ်သည့် ပူးပေါင်းဆောင်ရွက်သူမှ ဂျပန်ဘာသာဖြင့် နားထောင်ချင်သောအရာနှင့် နားထောင်ရန် လိုအပ်သောအရာကို စစ်တမ်းနေ့မတိုင်မီအထိ ရွေးချယ်ထားပါမည်။

စစ်တမ်းထဲမှာ ၎င်းကို ပူးပေါင်းဆောင်ရွက်သူသည် ပုံမှန်နားထောင်နေကျသည့် အတိုင်း နားထောင်ရန် ဖြစ်ပါသည်။ နားထောင်နေစဉ်မှာ စကားလုံးနှင့်ဝါကျ အဓိပ္ပာယ်ကို မည်ကဲသို့ နားလည်သဘောပေါက်မှုအကြောင်းကို မိခင်ဘာသာစကားဖြင့် ဖြည်းဖြည်းပြောဆိုပါမည်။

ပူးပေါင်းဆောင်ရွက်သူသည် နားလည်သည့်အကြောင်းအရာများသာမက နားထောင်နေစဉ်မှာ ဦးနှောက်ထဲ၌ မည်ကဲသို့ စဉ်းစားနားထောင်နေသည်ကိုလည်း ပြောဆိုပါမည်။ ခန့်မှန်းချက်နှင့် နားမလည်သည့်အကြောင်း၊ ဆုံးဖြတ်ချက်ကို မဝေခွဲနိုင်သည့် အကြောင်းနှင့် အနက်အဓိပ္ပာယ် ခံယူချက်၏ ပြောင်းလဲမှုကိုလည်း အဖြစ်မှန်အတိုင်း ပြောပြပါမည်။

ဒေတာစုဆောင်းသူသည် ပူးပေါင်းဆောင်ရွက်သူ၏ ပြောဆိုသောစကားကို နားထောင်နေစဉ် မည်ကဲသို့ နားလည်သဘောပေါက်မှုကို အဓိပ္ပာယ်မသိခဲ့သောအချိန်၊ မပြောဆိုခဲ့သည့်စကားကို စိစစ်အတည်ပြုလိုအပ်ခဲ့သောအချိန်မှာ ပူးပေါင်းဆောင်ရွက်သူထံ မေးသောမေးခွန်းများကို ဖြေဆိုပါမည်။

ဒေတာစုဆောင်းသူနှင့် ပူးပေါင်းဆောင်ရွက်သူ၏ ပြောဆိုခဲ့သောစကားကို ဂျပန်ဘာသာစကားဖြင့် ဘာသာပြန်ထားသော စာသား၏ စကားစု ဒေတာအဖြစ် ရလဒ်များကို ထုတ်ပြန်ပါမည်။ စကားပြန်သူ၏ ဘာသာပြန်ဆိုမှုအကြောင်းအရာများကို ထုတ်ပြန်မည်မဟုတ်ပါ။ သို့သော် စကားပြန်သူ၏ ဘာသာပြန်ဆိုမှုအကြောင်းအရာများကို နှစ်ဖက်အပြန်အလှန်နားလည်မှု မရှိသောအခါမှာ ၎င်းအပိုင်းကိုသာ ထုတ်ပြန်ပါမည်။

●ဘာသာပြန်လုပ်ဆောင်ရန်အချက်

စစ်တမ်းထဲမှာ ဒေတာစုဆောင်းသူနှင့် ပူးပေါင်းဆောင်ရွက်သူ၏ ပြောဆိုခဲ့သောစကားအားလုံးကို တစ်ပြိုင်နက်တည်း အနီးစပ်ဆုံးပုံစံဖြင့် ဘာသာပြန်ပါ။ စကားပြန်သူမှ ပူးပေါင်းဆောင်ရွက်သူ၏ ပြောဆိုခဲ့သောစကားအကြောင်းရင်းကို စိစစ်အတည်ပြုသောအချိန်များမှာ စကားပြန်သူ၏ ပြောဆိုခဲ့သောစကားကိုလည်း ဘာသာပြန်ပါ။

●ဘာသာပြန်ချိန်မှာ သတိထားရန်အချက်

ဘာသာပြန်ချိန်မှာ အောက်ပါကဲ့သို့သောအရာကို သတိထားပါ။

(၁) လစ်ဘရယ်ဘာသာပြန်ခြင်းမဟုတ်သော ပူးပေါင်းဆောင်ရွက်သူ၏ ပြောဆိုခဲ့သောစကားအတိုင်းဘာသာပြန်ပါ။
ပူးပေါင်းဆောင်ရွက်သူ၏ ပြောဆိုခဲ့သောစကားကို လစ်ဘရယ်ဘာသာပြန်မလုပ်ရပါ။ ပူးပေါင်းဆောင်ရွက်သူ၏ နားလည်မှု အကြောင်းအရာကို သိရှိရန်အတွက် ပြောဆိုခဲ့သောစကားအတိုင်းဘာသာပြန်ပါ။

( ၂ ) တစ်ဦးတည်း ပြောဆိုခဲ့သောစကားအားလုံးကို ဘာသာပြန်ပါ။

ပူးပေါင်းဆောင်ရွက်သူ၏ စကားကို တစ်ဦးတည်းသောစကားလုံးများနှင့် ပြန်လည်ပြောဆိုခဲ့သောစကား အပါအဝင် စကားအားလုံးကို ဘာသာပြန်ပါ။ "ကောင်းကောင်းနားမလည်ဘူး" ထိုကဲ့သို့ တစ်ဦးတည်းသောစကားနှင့် "Nippon Television သည် တီဗွီထုတ်လုပ်တဲ့ကုမ္ပဏီပါ။ မဟုတ်ဘူး တီဗွီအစီအစဉ်ကို ပြုလုပ်တဲ့ကုမ္ပဏီပါ။ " ထိုကဲ့သို့ ပြန်လည်ပြောဆိုခဲ့သောစကားအားလုံးကို ဘာသာပြန်ပါ။

( ၃ ) ဒေတာစုဆောင်းသူဖော်ပြသော အကြောင်းအရာထဲမှစာပိုဒ်ကို ပြောဆိုသည့်အခါ ၄င်းစာပိုဒ်ကို ဘာသာပြန်ခြင်း မပြုလုပ်၍ ပြောဆိုခဲ့သောစကားအတိုင်းပြောပါ။

ဥပမာအားဖြင့် ဒေတာစုဆောင်းသူသည် "ဒီဗီဒီယိုထဲမှာဖော်ပြခဲ့တဲ့ Taiga Drama ဆိုတာဘာကိုဆိုလိုတာလဲ" လို့ မေးသောအခါ "Taiga Drama" အပိုင်းကို ဘာသာပြန်ခြင်းမပြုလုပ်၍ ဂျပန်ဘာသာဖြင့်ပြောပါ။

( ၄ ) မေးခဲ့သောမေးခွန်းကို ပူးပေါင်းဆောင်ရွက်သူမှ ပြန်လည်မေးသော်လည်း မဖြေရပါ။

ပူးပေါင်းဆောင်ရွက်သူမှ မေးခဲ့သော စာပိုဒ်၏ ခန်းဂျီးနှင့် အဓိပ္ပါယ်ကိုမေးခြင်း၊ မေးနေသောသူနှင့် ပတ်သက်၍ အတည်ပြုချက်တောင်းသော်လည်း မဖြေရပါ။

( ၅ ) စစ်တမ်းစစ်ဆေးမှုမှာ အကျိုးသက်ရောက်မှုဖြစ်စေမည့်အရာကို မပြုလုပ်ရပါ။

စကားပြန်သူ၏ စကားနှင့် အမူအရာဖြင့် စစ်တမ်းစစ်ဆေးမှုမှာ အကျိုးသက်ရောက်မှုမဖြစ်စေရန် သတိထားပါ။

ဥပမာအားဖြင့် ဒေတာစုဆောင်းသူ၏ မေးခွန်းများကိုဖြေဆိုရန် ရည်ညွှန်းသည့် စကားကိုပြောခြင်း၊ ပူးပေါင်းဆောင် ရွက်သူ၏ စကားပြောမှားသည့်အခါမှာ အမှားကို သတိပေးနိုင်မည့်တုံ့ပြန်မှုပြခြင်းတို့ကို မပြုလုပ်ရပါ။

( ၆ ) အထွေထွေအခြေအနေကို ကြည့်ရင်းဖြင့် စကားပြန်ပါ။

ပူးပေါင်းဆောင်ရွက်သူနှင့် ဒေတာစုဆောင်းသူ၏ စကားပြောသည့်အချိန်ကို အာရုံစိုက်ပြီး၊ ဖလှယ်စကားပြောမှုကို ပိတ်ပင်တားဆီးခြင်းမဖြစ်စေရန် တတ်နိုင်သမျှ စကားပြောမထပ်ရန် ဘာသာပြန်ပါ။

( ၇ ) ပင်ပန်းသောအခါအနားယူပါ။

ပင်ပန်းလျှင် အားမနာစွာဖြင့် အနားယူချင်ကြောင်းကို အသိပေးပါ။

●စစ်ဆေးမှုမတိုင်မီပြင်ဆင်မှု

ဒေတာစုဆောင်းသူမှ စစ်တမ်းကောက်ယူသည့်နေ့ မတိုင်မီအထိ စစ်တမ်းနည်းလမ်းကိုရှင်းပြပါမည်။ ပူးပေါင်းသူများ အတွက် စစ်တမ်းနည်းလမ်းကို ရှင်းပြထားသော ဗွီဒီယိုကိုကြည့်ခြင်း၊ ဒေတာစုဆောင်းသူမှ နားထောင်၍ စစ်တမ်းကောက် ယူနည်းကို ကောင်းစွာနားလည်ထားပါ။

စစ်တမ်းနည်းလမ်းကို ရှင်းပြသောအခါ ဒေတာစုဆောင်းသူမှ နားထောင်ရမည့်အကြောင်းအရာကို ပို့ပေးပါလိမ့်မည်။ ဒေတာစုဆောင်းသူသည် နောက်လာမည့်နေ့တွင် ၎င်းနှင့်ပတ်သက်၍ မေးခွန်းများမေးနိုင်သောနေရာနှင့် ၎င်းအကြောင်း အရာကိုရှင်းပြမည်ဖြစ်သောကြောင့် ထိုအချိန်ထိ ကောင်းစွာနားထောင်ထားပါ။ ဘာသာပြန်သောစကားဖြင့် နားမလည်သည့် စကားလုံးများရှိခဲ့လျှင် စစ်တမ်း ကောက်ယူသည့်နေ့အထိ စစ်ဆေးထားပါ။

စစ်တမ်းကောက်ယူနည်းနှင့် ပတ်သက်၍ နားမလည်ခဲ့လျှင် ဒေတာစုဆောင်းသူထံ မေးမြန်းပါ။

●စစ်တမ်းကောက်ယူရန် တာဝန်ရှိသူကို ဆက်သွယ်ရန်အချက်အလက်